**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**
**လျှောက်လွှာခေါ်ယူခြင်း**

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနတွင် လစ်လပ်လျက်ရှိသော ဒုတိယဦးစီးမှူး (လစာနှုန်းကျပ် ၂၁၆၀၀၀-၂၀၀၀-၂၂၆၀၀၀) ရာထူး (၁၈) နေရာအတွက် အောက်ဖော်ပြပါ သတ်မှတ်အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူ ဖြစ်ရမည်။
(ဂ) လျှောက်ထားသူသည် ပြင်ပပုဂ္ဂိုလ်ဖြစ်ပါက လျှောက်လွှာတင်သည့်နေ့တွင် အသက် (၂၇)နှစ် (နိုင်ငံ့ဝန်ထမ်းဖြစ်ပါက အသက် (၃၀) နှစ်) ထက် မကျော်လွန်သူဖြစ်ရမည်။
(ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
(င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
(စ) ရွေးချယ်ခြင်းခံရသူများသည် ဌာနတွင် အနည်းဆုံး (၃)နှစ် တာဝန် ထမ်းဆောင်မည်ဖြစ်ကြောင်း ဝန်ခံကတိပြု လက်မှတ်ရေးထိုးနိုင်ရမည်။
(ဆ) နေရာဒေသမရွေး တာဝန်ထမ်းဆောင်နိုင်ရမည်။

၂။ လျှောက်လွှာပုံစံများကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၏ website: www.mopf.gov.mm နှင့် ဌာန၏ Facebook Page: Financial Regulatory Department တို့တွင် လည်းကောင်း၊ ရုံးချုပ်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ရုံးများတွင်လည်းကောင်း အခမဲ့ ရယူနိုင်ပါသည်။

၃။ လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါ အချက်အလက်များ ပြည့်စုံစွာပါရှိရမည်-

(က) ပညာအရည်အချင်းအထောက်အထားမိတ္တူမှန် (စစ်ဆေးသည့်အခါမူရင်းတင်ပြနိုင်ရမည်) (ဘွဲ့လက်မှတ်၊ ၁၀ တန်းအောင်လက်မှတ်)၊
(ခ) ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာရဲစခန်း၏ ထောက်ခံစာမူရင်း(တစ်လအတွင်း)၊
(ဂ) လိပ်စာဖော်ပြပါဒေသတွင် အမှန်တကယ်နေထိုင်ကြောင်းနှင့် အကျင့်စာရိတ္တ ကောင်းမွန်ကြောင်း သက်ဆိုင်ရာရပ်ကွက် အုပ်ချုပ်ရေးမှူး၏ ထောက်ခံစာမူရင်း (တစ်လအတွင်း)၊
(ဃ) နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊
(င) ပြင်ပပုဂ္ဂိုလ်များအတွက် အလုပ်သမားမှတ်ပုံတင်ကတ်ပြားမိတ္တူ၊
(စ) နိုင်ငံ့ဝန်ထမ်းဖြစ်လျှင် လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာန၊ ရာထူး၊ လစာနှုန်း၊ သက်ဆိုင်ရာဌာန ခွင့်ပြုမိန့်မူရင်း၊
(ဆ) စာမေးပွဲဝင်ကြေးငွေကျပ် ၁၀၀၀/- ပေးသွင်းထားသည့် ချလံမူရင်း၊

(ဇ ) သုံးလအတွင်း ရိုက်ကူးထားသော ( ၁" x ၁.၅" ) ကာလာဓါတ်ပုံ (၃) ပုံ၊
(ဓါတ်ပုံကျောဘက်တွင် အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်အမှတ် ရေးသားရန်)

၄။ လျှောက်ထားသူများသည် စာမေးပွဲဝင်ကြေး ကျပ် ၁၀၀၀/- (ကျပ်တစ်ထောင်တိတိ) ကို မိမိတို့မြို့များရှိ မြန်မာ့စီးပွားရေးဘဏ်များမှ ပြည်တွင်းငွေလွှဲလက်မှတ် (Internal Remittance) နည်းဖြင့်လည်းကောင်း၊ အခြားသင့်ရာနည်းဖြင့်လည်းကောင်း မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်) ငွေစာရင်းအမှတ်(MD-013363)သို့ ပေးသွင်းရမည်ဖြစ်ပြီး စာရင်းအမှတ်အောက်ရှိကွက်လပ်တွင် ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန " **ဒုတိယဦးစီးမှူးရာထူးအတွက် စာမေးပွဲဝင်ကြေး ပေးသွင်းခြင်း** " ဟု ဖော်ပြ၍ ပေးသွင်းရမည်ဖြစ်ပါသည်။

၅။ နိုင်ငံ့ဝန်ထမ်းမဟုတ်သူများ လျှောက်လွှာတင်သွင်းရာတွင် ညွှန်ကြားရေးမှူး၊ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော် သို့ လိပ်စာတပ်ပြီး လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်ပြုလုပ်၍သော်လည်းကောင်း ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနသို့ ၁၁-၁၀-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း ပေးပို့လျှောက်ထားရမည်။

၆။ နိုင်ငံ့ဝန်ထမ်းများသည် မိမိဝန်ကြီးဌာန၏ ခွင့်ပြုချက်ပါရှိသည့် လျှောက်လွှာကို ဤဦးစီးဌာနသို့ ၂၀-၁၀-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်း အရောက်ပေးပို့ပါရန်နှင့် လျှောက်လွှာမိတ္တူတစ်စောင်ကို ၁၁-၁၀-၂၀၂၂ ရက်နေ့ နောက်ဆုံးထား၍ ဤဦးစီးဌာနသို့ ကြိုတင်ပေးပို့ရန် ဖြစ်ပါသည်။

၇။ သတ်မှတ်ရက်ထက် ကျော်လွန်၍ ရောက်ရှိလာသော လျှောက်လွှာများ၊ အရည်အချင်း သတ်မှတ်ချက်များနှင့် မကိုက်ညီသူများ၊ ပူးတွဲတင်ပြရမည့် စာရွက်စာတမ်း အထောက်အထား မပြည့်စုံသူများကို ထည့်သွင်းစဉ်းစားမည် မဟုတ်ပါ။ ရေးဖြေစာမေးပွဲ အောင်မြင်သူများကို လူတွေ့စစ်ဆေးမှု ပြုလုပ်ပြီး ရွေးချယ်ခန့်ထားမည် ဖြစ်ပါသည်။

၈။ ဖြေဆိုခွင့်ရသူများ၏ အမည်စာရင်း၊ ခုံအမှတ်၊ ဖြေဆိုမည့်နေ့ရက်နှင့် နေရာများကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၏ website: www.mopf.gov.mm ၊ ရုံးအမှတ် (၃၄) နေပြည်တော်ရှိ ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန ကြော်ငြာသင်ပုန်းနှင့် Facebook Page: Financial Regulatory Department တို့တွင် ကြော်ငြာပေးထားမည် ဖြစ်ပါသည်။

၉။ လျှောက်ထားသူသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်။ ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အထွေထွေဗဟုသုတနှင့် အင်္ဂလိပ်စာများ ဖြေဆိုရမည် ဖြစ်ပါသည်။

၁၀။ အသေးစိတ် သိရှိလိုပါက ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ရုံးအမှတ် (၃၄) ၊ နေပြည်တော် ဖုန်း (၀၆၇-၃၄၁၀၂၄၂) သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**